ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၆ ၊ အမှတ် ၈ ၂၀၂၁ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

## (၃၀) ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးအား Video Conferencing စနစ်ဖြင့် ကျင်းပခြင်း









(၃၀) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး (The 30th Meeting of the ASEAN Directors-General of Customs) အား ၂၀၂၁ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့မှ (၁၀)ရက်နေ့အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်အကောက်ခွန် Commissioner ဖြစ်သူ Mr. Rey Leonardo B. Guerrero က သဘာပတိ (Incoming Chair) အဖြစ် ဆောင်ရွက်ခဲ့ပြီး မြန်မာအကောက်ခွန် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ (Outgoing Chair) အဖြစ် အဖွင့်အမှာစကားပြောကြားခြင်း၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးမှ အာဆီယံအကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (Coordinating Committee on Customs-CCC)၏ သဘာပတိအဖြစ် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း CCC ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုအခြေအနေများအား တင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အကောက်ခွန်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီ(CCC)၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး လုပ်ငန်းအဖွဲ့(CPTFWG)၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လိုက်နာဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (CECWG)၊ အကောက်ခွန်စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CCBWG)၊ အာဆီယံ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာဦးဆောင်ကော်မတီ (ASWSC)များ၏ (၂၀၂၀-၂၀၂၁) အစီရင်ခံစာများ၊ တိုးတက်မှုအခြေအနေများကိုသက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင်များမှ အသီးသီးတင်ပြခြင်းနှင့် လုပ်ငန်းအဖွဲ့များ၏ TOR ပြင်ဆင်ချက်များအား အတည်ပြုဆွေးနွေးခြင်း၊ ၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် အာဆီယံအကောက်ခွန်ဆိုင်ရာ အစည်းအဝေးများ၏နေရာနှင့် နေ့ရက်များကို အတည်ပြုခြင်းကိစ္စရပ်များ၊ EU-ARISE Plus မှ ACTS ဆိုင်ရာရှင်းလင်းတင်ပြခြင်းနှင့် အခြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး ဒုတိယနေ့တွင် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ကိုရီးယား၊ ဂျပန်နိုင်ငံမှအကောက်ခွန်ကိုယ်စားလှယ်များနှင့် Covid-19 တုံ့ပြန်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ နယ်စပ်ဖြတ်ကျော် E-commerce ဆိုင်ရာကိစ္စရပ်များ၊ နည်းပညာအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍဖြစ်သော USABC ၊ EU-ABC ၊ ASEAN BAC မှ ကိုယ်စားလှယ်များနှင့် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊ အကောက်ခွန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အဆိုပြုခြင်းနှင့်စပ်လျဉ်း၍ အမြင်ဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေး တတိယနေ့တွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ အတွင်းရေးမှူးချုပ် Dr. Kunio Mikuriya မှ တက်ရောက်ခဲ့ပြီး Covid-19 ကပ်ရောဂါကာလအတွင်း ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ဦးစားပေးအစီအစဉ်များနှင့် လမ်းညွှန်ချက်များ၊ အကောက်ခွန်ဆိုင်ရာ နိုင်ငံတကာကိစ္စရပ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြပြီး အာဆီယံ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် National Window ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။


# အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် နိုင်ငံခြားဖြစ်အရက်မျိုးစုံ နှင့်မျက်မှန်များအား Lot–(၂) ခု ခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း







(၃.၆.၂၀၂၁) ရက်နေ့ (၁၀:၀၀)အချိန်တွင် အကောက်ခွန် ကုန်လှောင်ရုံ၊ ကမ်းနားလမ်းကွန်ကရစ်လမ်းမ၊ စောရန်ပိုင် အနောက် ရပ်ကွက်၊ အလုံမြို့နယ်တွင် အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိပြီးပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် နိုင်ငံခြားဖြစ် အရက်မျိုးစုံအားအကောက်ခွန်ဦးစီးဌာန လေလံတင်ထုခွဲရောင်းချ ရေးအဖွဲ့ (၂၀.၅.၂၀၂၁) ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၄၀၅/ ၂၀၂၁)အရဖွဲ့စည်းပြီး Lot-(၂)ခုခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချခဲ့ပါသည်။






လေလံတင်ရောင်းချခြင်းအခမ်းအနား (၁၄:၀၀) အချိန်တွင် ပြီးဆုံးခဲ့ပြီး စုစုပေါင်းလေလံတင်ရောင်းချ ရငွေကျပ်သန်းပေါင်း (၅၃၅) သန်း ရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၅၇၃.၅၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့်အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန်လ(၁)ရက်နေ့မှ (၃၀)ရက်နေ့အထိ စုစုပေါင်းတားဆီး/ဖမ်းဆီးမှုမှာ (၄၉)မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ်(**၅၇၃.၅၇၆)**သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်တားဆီး/ဖမ်းဆီးမှု





Madalay Rice Development Co.,Ltd မှ ED No. 200067519750 (17.6.2021) ရန်ကုန်မြို့ AWPT ဆိပ်ကမ်းမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် Myanmar Broken Rice B1-2 Non Sortex (50000) Kgs (ဆန်ကွဲ) ဟု ကြေငြာထားသော (2x20') အတွင်းရှိ ကုန်ပစ္စည်းများအား စစ်ဆေးရာ ED တွင် ကြေညာထားသော Myanmar Broken Rice B1-2 Non Sortex (50000)Kgs (ဆန်ကွဲ) မတွေ့ရှိရဘဲ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ်ခွဲသား (၂၆၃၁)ချောင်း၊ (၂၉.၀၈၄၈)တန်၊ ကုန်သေတ္တာအခွံ (၂) လုံး၊ တင်ဆောင်သော မော်တော်ယာဉ်ခေါင်းတွဲ (၂) စီးနှင့် တင်ဆောင်သော မော်တော်ယာဉ်နောက်တွဲ (၂)စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၉၇.၆၂၇) သန်းအား စစ်ဆေးတွေ့ရှိခဲ့သဖြင့် တားဆီးခဲ့သောအမှုဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၅၇၃.၅၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း



ထူးခြား ဖမ်းဆီး/ တားဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် ဇွန်လ (၁၈) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ဒုတိယညွှန်ကြားရေးမှူးဦးဆောင်သော ပူးပေါင်းအဖွဲ့စုံဖြင့် ရေပူစခန်းဝန်းကျင်အား လှည့်ကင်းစစ်ဆေးစဉ် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး (နမ့်ဟူး/ဘုံမွန်အကြား) ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၈၆)တွင် Nissan UD (၆ ဘီး) ယာဉ်အား မသင်္ကာ၍ ရေပူစခန်းသို့ မောင်းနှင်လာပြီး ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်ထားသော ပိတောက်ခွဲသား (အပိုင်းအစ)များ (၃.၃၂၅၀)တန်၊ ကျွန်းခွဲသားများ (၂.၆၉၅၀)တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်(၁)စီး၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၂၉.၀၆၀) သန်းအား တွေ့ရှိရသည့်အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၅၇၃.၅၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း



### ထူးခြား ဖမ်းဆီး/တားဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် မေလ (၂၂) ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ မိုင်တိုင်အမှတ်(၉၇/၀)နှင့် (၉၇/၁)ကြားတွင် သတင်းအရ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ် စစ်တောင်းတံတားဘက်မှ ကျိုက်ထိုမြို့ဘက်သို့ မောင်းနှင်လာသော Nissan Condor ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းရှိ ပြောင်းအိတ်များအောက်တွင် ဖုံးအုပ်သိုဝှက်သယ်ဆောင်လာသော 5555 စာတမ်းပါ အဝါရောင်ဆာလာအိတ်ဖြင့်ထည့်လျက် QING SHAN စာတမ်းပါ အစိမ်းရောင်ပလပ်စတစ်အိတ်ဖြင့်ထုပ်ထားသည့် ICE (Methamphetamine) (၁၅၈၀) ကီလိုဂရမ်ခန့်၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၆၃၂၀၀) သန်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် သိမ်ဇရပ်နယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၅၇၃.၅၇၆) သိန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန်တားဆီး/ဖမ်းဆီးမှု







YOE METH Co.,Ltd မှ ID No. 10017332530 (12.5.2021) ဖြင့် တင်သွင်းသည့် Plastic Tank ၊ Alchol Stove နှင့် Valve (396 CT) တို့သည် တရုတ်နိုင်ငံမှ ရန်ကုန်မြို့ MIP ဆိပ်ကမ်းသို့ (၅.၃.၂၀၂၁) ရက်နေ့တွင်ရောက်ရှိခဲ့ပြီး ၎င်းကုမ္ပဏီမှ တင်သွင်းလာသော Plastic Tank ၊ Alchol Stove နှင့် Valve (396 CT) များသည် ဆိပ်ကမ်း၌ (၈၃)ရက် ခန့်ကြာမြင့်နေသောကြောင့် ဆိပ်ကမ်းသို့ပေးဆောင်ရန် အခွန်အခများပြားနေ၍ ကုမ္ပဏီမှစွန့်လွှတ်ကြောင်းတင်ပြလာသဖြင့် အဆိုပါပစ္စည်းများစုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၄၅.၂၅၉) သိန်းအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သောအမှုဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇွန်လအတွင်း  ခန့်မှန်းတန်ဖိုး ကျပ် (၅၇၃.၅၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေ တားဆီး/ ဖမ်းဆီးမှု




၂-၆-၂၀၂၁ ရက်နေ့၊ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ကျောက်မဲမှ ရန်ကုန်သို့ မောင်းနှင်လာသော Toyota Dyna (၆ ဘီး)ယာဉ်အား တာဝန်ကျစစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာယာဉ်၏နောက်ခန်းအတွင်းရှိ ပုလင်းခွံများထည့်ထားသည့် အဖြူရောင်ပီနံအိတ်(အကြီး)အတွင်း အဝါရောင်ပီနံအိတ်များဖြင့်ထည့်လျက် အဝါရောင်တိပ်တစ်ထပ်၊ မှိုင်းခံစက္ကူဖြင့်ထုပ်ပိုးထားပြီး အပြာရောင်ပလပ်စတစ်အိပ်ငယ်ဖြင့်ထည့်ထားသည့် WY စာတမ်းပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား(၅၀၅၀၀၀၀)ပြား၊ (၄၅၄.၅)ကီလိုဂရမ်စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၇၅၇၅) သန်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ်၊ အုန်းချောနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၅၇၃.၅၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေ တားဆီး/ ဖမ်းဆီးမှု






၁၅-၆-၂၀၂၁ ရက်နေ့ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနစုမှ အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၁၆၅/၂) မိုင်၌ ညောင်လေးပင်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော FUSO (၁၂ ဘီး) ယာဉ်အား သတင်းအရစစ်ဆေးရာ အကောက်ခွန်ပေးဆောင်ထားသော စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲသို့ ခေါ်ဆောင်၍ စစ်ဆေးခြင်းများ ပြုလုပ်ရာအကောက်ခွန်မဲ့ Heineken Beer (2600 Pkgs)နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့်ယာဉ် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၇၆,၈၄၀,၀၀၀/-) သန်းအား စစ်ဆေးတွေ့ရှိသဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သောအမှုဖြစ်ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၀၀၀ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | ၁ မှု | ၆ မှု | ၇ မှု | ၇၁.၀၀၅ သန်း |
| | စုစုပေါင်း | ၁ မှု | ၇ မှု | ၈ မှု | ၇၂.၀၀၅ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၁-၁၀-၂၀၂၀) ရက်နေ့ မှ (၃၀-၆-၂၀၂၁) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများတားဆီး/ဖမ်းဆီးမှု (၄၃) မှု၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၈၅၁.၁၈၇) သန်းအား တားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။